# ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရတော်မူသောမယ်တော်သခင်မပွဲ

**Assumption Seminary, Kalaymyo (18.8.19)**

ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရတော်မူသော မယ်တော်သခင်မအမည်နာမကို ခံယူထားတဲ့ ဒီရဟန်းဖြစ်သင်ကျောင်းတော်ကြီးမှာ မယ်တော်သခင်မရဲ့ ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်း ခံရတော်မူတဲ့ပွဲကို ကျင်းပကြတာဟာ အလွန်ပင် တင့်တယ်လှပါတယ်။

ဒီလို မယ်တော်သခင်မရဲ့ပွဲကို ကျင်းပရတာက သူ့ရဲ့သားသမီးတွေဖြစ်တဲ့ ကျွန်ုပ်တို့တတွေ အမိမယ်တော်မာရီးယားကို ချစ်ခြင်းမေတ္တာနှင့် သဒ္ဓါကြည်ညိုမှုကို ပြသတာလဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ကျေးဇူးတော်နှင့်အတူ မယ်တော်သခင်မရဲ့ကူညီစောင်မမှုကြောင့် ဒီရဟန်းဖြစ်ကျောင်းမှာ ပညာဆည်းပူးနေကြတဲ့ ရဟန်းလောင်းကျောင်းသားများ ခေါ်တော်မူခြင်းရဲ့ အသီးအပွင့်များ ဆွတ်ခူးနိုင်ကြပါစေလို့ ဦးစွာပထမ ဆန္ဒပြုဆုတောင်းပေး လိုက်ပါတယ်။

မယ်တော်သခင်မ လောကမှာ ရှင်သန်ခဲ့တဲ့ အသက်တာ ကုန်ဆုံးသွားတဲ့အခါ ခန္ဓာကိုယ်နှင့် ဝိညာဉ်ပါ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရတာကို ကက်သလစ်အသင်းတော်ရဲ့ ယုံကြည်ခြင်းအဖြစ် ၁၉၅၀ ခုနှစ်၊ နိုဝင်ဘာ (၁) ရက်နေ့မှာ ရဟန်းမင်းကြီး Pius XII က *Munificentimus Deus* ဆိုတဲ့စာချွန်တော်မှာ ကြေငြာခဲ့ပါတယ်။ မယ်တော်သခင်မဟာ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရတယ်ဆိုတာက သူမဟာ အပြစ်ရင်းရဲ့ အကျိုးအဆက်ဖြစ်တဲ့ ခန္ဓာကိုယ်ယိုယွင်းပျက်ဆီးခြင်းနှင့် သေခြင်းတရားကနေ လွတ်ကင်းတယ်ဆိုတဲ့ အချက်ကို ထောက်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့် မယ်တော်သခင်မဟာ အပြစ်မဲ့ပဋိသန္ဓေယူတဲ့အတွက် အပြစ်ရင်းကနေကင်းလွတ်ပြီး လူ့လောကမှာ ရှင်သန်တဲ့ကာလ ပြီးဆုံးသွားတဲ့အခါ ကောင်းကင်ဘုံသို့ ပင့်ဆောင်ခြင်းခံရတာ ဖြစ်ပါတယ်။

မယ်တော်သခင်မ ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရတယ်ဆိုတာကို ကျမ်းစာတော်ထဲမှာ ရေးမထားပါဘူး။ ဒါပေမဲ့ မယ်တော်သခင်မ ကောင်းကင်သို့ပင့်ဆောင်ခြင်းခံရခြင်းဟာ ဘုရားသခင်လူသားတွေကို ကယ်တင်မဲ့ စီမံကိန်းမှာ မယ်တော်က ဘုရားသခင်ရဲ့ အစေခံအဖြစ် လွတ်လွတ်လပ်လပ် အတူတကွပူးပေါင်းပါဝင်ခြင်းကြောင့် ဖြစ်ပါတယ်။ မယ်တော်ဟာ သားတော်ယေဇူးရဲ့ ကယ်တင်ခြင်းစီမံကိန်းမှာ သားတော်နှင့်အတူ တလုံးတဝတည်း ပါဝင်တဲ့အတွက် သားတော်ရဲ့သေခြင်းကနေ ရှင်ပြန်ထမြောက်တော်မူပြီး ဘုန်းတော်ဂုဏ်တော်နှင့် ပြည့်စုံတဲ့ ခန္ဓကိုယ်၌လဲ ပါဝင်ခြင်းဖြစ်ပါတယ်။

သံလုကားကျမ်းမှာလဲ ဘုရားသခင်က လူသားတွေကိုကယ်တင်မဲ့ စီမံကိန်းမှာ မယ်တော်လဲ ဘုရားသခင်နှင့်အတူ ပူးပေါင်းပါဝင်ဖို့ သိကြာမင်း *Gabriel* အမိန့်တော်ပြန်တဲ့ အခါမှာ



မယ်တော်မာရီးယားက "ကျွန်မသည် ဘုရားသခင်၏အစေခံ ဖြစ်ပါ၏။ သင်၏အမိန့်တော်အတိုင်းကျွန်မ၌ဖြစ်ပါစေ" (လုကာ ၁း ၃၈) ဆိုပြီး ပြန်လည်ဖြေကြားခဲ့ပါတယ်။ မယ်တော်မာရီးယားက မိမိကိုယ်ကိုဘုရားသခင်ရဲ့မိခင်အဖြစ် လက်ခံလိုက်ခြင်းဟာလဲ ဘုရားရဲ့အလိုတော်ကို သစ္စာရှိရှိ တသွေမတိမ်း လိုက်နာမယ်ဆိုပြီး ကတိပေးလိုက်တာ ဖြစ်ပါတယ်။ ဒီနေရာမှာ သားတော်ယေဇူးက လူ့အဖြစ်ကိုယူပြီး လူ့လောကထဲကို ကြွလာတဲ့အခါ သခင်ယေဇူးရဲ့ခံယူချက်နှင့် ဆင်တူတာကို တွေ့ရပါတယ်။ ဟေဗြဲဦးကျမ်းထဲမှာ သခင်ခရစ်တော်က "အိုသခင်၊ ကိုယ်တော်၏အလိုတော်ဆောင်ရွက်ရန် အကျွန်ုပ်ရောက်ရှိလာပါပြီ" (Heb 10:7)လို့ရေးထားသားပါတယ်။ သားတော်ယေဇူးက အဖခမည်းတော်ဘုရားရဲ့ အလိုတော်ကို လက်ဝါးကားတိုင်မှာ သေတဲ့တိုင်အောင် လိုက်နာခဲ့သလို၊ မယ်တော်သခင်မကလဲပဲ ကာဝါရီကားတိုင်လမ်း အဆုံးထိအောင် သားတော်ယေဇူးနှင့်အတူ လျှောက်လှမ်းခဲ့ပါတယ်။

တဆက်တည်းမှာပဲ မယ်တော်က *Magnificat* မှာ "တန်ခိုးကြီးတော်မူသောသခင်သည် ငါ့အဖို့ ကြီးမြတ်သောအရာတို့ကို ပြုတော်မူပြီ" ဆိုပြီး ကြွေးကြော်ခဲ့ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မယ်တော်သခင်မဟာ မိမိကိုယ်ကိုနှိမ့်ချပြီး ဆင်းရဲဒုက္ခအခက်အခဲနှင့် တွေ့ကြုံရင်ဆိုင်ရတဲ့ အချိန်မှာလဲ ဘုရားသခင်ရဲ့ ကတိတော်ကို သံသယမရှိ၊ သစ္စာရှိရှိ ဘုရားသခင်ရဲ့ စီမံကိန်းမှာ သားတော်ဘုရားနှင့်အတူ ကယ်တင်ခြင်းလုပ်ငန်းမှာ စိတ်ရောကိုယ်ပါ တက်တက်ကြွကြွ ပါဝင်နိုင်ခဲ့ပါတယ်။

မယ်တော်ကဘုရားရဲ့ အလိုတော်ကို ချစ်ခြင်းမေတ္တာအပြည့်နှင့် လိုက်နာတဲ့အတွက် ကျွန်ုပ်တို့ ခရစ်ယာန်အားလုံးစံပြနမူနာ ယူထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ဘုရားသခင်က မယ်တော်ကို လူသားတွေရဲ့ကယ်တင်ခြင်းစီမံကိန်းမှာ ပါဝင်ဖို့ဖိတ်ခေါ်သလိုပဲ၊ ကျွန်ုပ်တို့တဦးစီကိုလဲ ဖိတ်ခေါ်နေပါတယ်။ မယ်တော်သခင်မဟာ ဒီစီမံကိန်းကို လက်ခံပြီးကတည်းက ဒုက္ခအခက်အခဲနှင့် စတင်ခဲ့တယ်။ ရောမဘုရင် Cesar Augustus က သန်းကောင်စာရင်းကောက်တဲ့အခါ မိတော်မာရီးယားဟာ မိမိတို့ဇာတိဖြစ်တဲ့ Bethlehemမြို့ကို ညတွင်းချင်း ကိုယ်ဝန်အရင့်အမာနှင့် သွားခဲ့ရပါတယ်။ သားတော်ယေဇူးကို မွေးဖွားဖို့အတွက် လူတွေတည်းတဲ့ နေရာကိုတောင် မရရှာဘူး၊ နွားတင်းကုတ်မှာပဲ မွေးဖွားပေးရတယ်။ Herod မင်းက သူငယ်တော်ကို သတ်ဖို့ကြံစည်တော့ စကားမတူ၊ ယာဉ်ကျေးမှုကွဲ ပြားတဲ့ တိုင်းတပါးနိုင်ငံဖြစ်တဲ့ Egypt ပြည်ကိုညတွင်းချင်း ထွက်ပြေးရပြန်တယ်။ နောက်ဆုံး ကာဝါရီတောင်မှာ အသက်မဲ့ဖြစ်နေတဲ့ သားတော်ရဲ့ ခန္ဓာတော်ကို မိမိရင်ခွင်မှာ ပွေ့ဖက်ထားတဲ့အခါ ဘယ်လောက်အထိ စိတ်သောက ခံစားမလဲဆိုတာ တွေးကြည့်လို့ရပါတယ်။

ထို့အတူပဲ ကျွန်ုပ်တို့တတွေဟာ ရဟန်းဘဝအနေနဲ့သော်၎င်း၊ သီလရှင်ဘဝအနေနဲ့သော်၎င်း၊ ရဟန်းလောင်း၊ သီလရှင်လောင်းများအနေနဲ့သော်၎င်း၊ ခရစ်တော်နောက်လိုက်တဲ့အခါ



ဒုက္ခအခက်အခဲကိုယ်စီ ရှိကြမှာဖြစ်ပါတယ်။ ခရစ်တော်က "ငါ့နောက်သို့ လိုက်လိုသောသူသည် မိမိကိုယ်ကိုငြင်းပယ်၍ မိမိ၏လက်ဝါးကားတိုင်ကိုထမ်းကာ ငါ့နောက်သို့ လိုက်ရမည်" (မာတေဦး ၆း၂၄) လို့လဲ မိန့်ကြားထားပါတယ်။ မယ်တော်က သားတော် ယေဇူးရဲ့ ကားတိုင်လမ်းမှာ ဒုက္ခတွေကို မကြောက်မရွံ့ပဲ ခံထမ်းနိုင်တာက မိမိရဲ့ဘဝကို ဘုရားသခင်အတွက် လုံးလုံးလျားလျား အပ်နှံပူဇော်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို မိမိဘဝမှာ ရှင်သန်စေတဲ့အတွက်ကြောင့်လဲ ဖြစ်တယ်။ ကျွန်ုပ်တို့တတွေလဲ မယ်တော်သခင်မကို အတုယူပြီး မိမိရဲ့ဘဝကိုဘုရားသခင်ထံ အကြွင်းမဲ့အပ်နှံပြီး မိမိတို့ရဲ့ ခေါ်တော်မူခြင်းခရီးကို လျှောက်လှမ်းတယ်ဆိုရင် ဒုက္ခလမ်းကိုသုခလမ်းအဖြစ် ခံယူပြီး၊ မိမိတို့ရဲ့ ကားတိုင်ကိုယ်စီကို ပေါ့ပါးစွာနဲ့ထမ်းနိုင်မှာဖြစ်ပါတယ်။

မယ်တော် ကောင်းကင်ဘုံသို့ပင့်ဆောင်ခြင်းခံရတော်မူတဲ့ ပွဲတော်ဟာ ဘုရားသခင်က သူ့ရဲ့ သနားကရုဏာတော်ကို ထင်ဟပ်ပေါ်လွင်စေတဲ့ပွဲပဲ ဖြစ်ပါတယ်။ မယ်တော်သခင်မရဲ့ သန့်ရှင်းဖြူစင်ခြင်းကြောင့် ဆုကျေးဇူးတော်အဖြစ် ဘုရားသခင်က သူမကို ခန္ဓာနှင့်ဝိညာဉ်ပါ ကောင်းကင်ဘုံသို့ ပင့်ဆောင်လိုက်ပြီး ကောင်းကင်ဘုံရဲ့ဘုရင်မအဖြစ် တင်မြောက်ခြင်းလဲ ဖြစ်ပါတယ်။ သံပေါလူးက ကျွန်ုပ်တို့ရဲ့ခန္ဓာကိုယ်ဟာ "ဘုရား သခင်ထံမှ ခံယူရရှိထားသော သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်တော်" (၁ကော် ၆း၁၉) ဖြစ်တယ် ဆိုတာကိုလဲ ရေးသားထားပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့ရဲ့ခန္ဓာကိုယ်ဟာ ခရစ်တော်ရဲ့ အစိတ်အပိုင်းများဖြစ်ပါတယ်။ ကျွန်ုပ်တို့အားလုံးသည်လဲ မယ်တော်ရဲ့ သန့်ရှင်းဖြူစင်ခြင်းပါရမီကို အတုယူပြီး အသက်ရှင်ခြင်းအားဖြင့် ကောင်းကင်ဘုံမှာ သူနှင့်အတူ စံစားနိုင်မှာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့တတွေ အပြစ်၌နစ်မွန်းနေတဲ့အခါ အပြစ်ရဲ့ကျေးကျွန်တွေ ဖြစ်လာကြတယ် (ယောဟန် ၈း၃၄)။ သခင်ခရစ်တော်က သူ့ရဲ့သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အပြစ်ရဲ့ကျေးကျွန်အဖြစ်ကနေ လွတ်မြောက်စေတဲ့အတွက် အပြစ်ရဲ့အနှောင်အဖွဲ့ အမိုက်မှောင်ကနေ ရုန်းထွက်ပြီး အလင်းရဲ့သားသမီးတွေဖြစ်လာကြဖို့ မယ်တော်ရဲ့ဖြူစင်ခြင်း၊ နှိမ့်ချခြင်းနှင့် သစ္စာရှိခြင်း စသည့်ကျင့်စဉ်တွေကို အတုယူပြီး ကြိုးစားကြရမှာဖြစ်တယ်။ မယ်တော်သခင်မဟာ မိမိရဲ့ဆန္ဒကို ငြင်းပယ်ပြီး ဘုရားသခင်ရဲ့ အလိုတော်ကို လိုက်နာခဲ့ သလိုပဲ ကျွန်ုပ်တို့အားလုံးလဲ ဘုရားအလိုတော်နှင့် မကိုက်ညီတဲ့ အာရုံငါးပါးရဲ့ဆန္ဒတောင်းဆိုမှုတွေ ထိန်းချုပ်ပြီး ဘုရားရဲ့အလိုတော်ကို ရှေ့တန်းတင် ဆောင်ရွက်ရင်း ခွဲ၊ လုံးလ၊ ရိုးသားမှုနဲ့ အလံဖြူထောင်၊ မယ်တော်ထံ ချဉ်းကပ်ကြပါစို့။

မယ်တော်သခင်မဟာ ဖာတီမာမြို့မှာကလေး ၃ဦးထံထင်ရှားပြတဲ့အခါ လူသားတွေ အပြစ်ကနေ နောင်တရပြီး အပြစ်အတွက်ဒဏ်ဆပ်ဖြေကြဖို့ အဓိကမှာကြားခဲ့ပါတယ်။ နောင်တရခြင်းနှင့် ဒဏ်ဆပ်ဖြေခြင်းအားဖြင့် လူသားများအမိုက်မှောင်ထဲကို ပို့ဆောင်တဲ့လမ်းကနေ



ကယ်တင်နိုင်မှာဖြစ်တယ်။ အထူးသဖြင့် စိတ်ပုတီးကို မြတ်နိုးစွာဖြင့် မှန်မှန်စိတ်ခြင်းအားဖြင့် အပြစ်ကိုပို့ပေးတဲ့ နှောက်ယှက်ခြင်းတွေကို ခုခံတွန်းလှန်နိုင်မှာ ဖြစ်ပါတယ်။ မိမိတို့နေထိုင်တဲ့တိုင်းပြည်မြို့ရွာမှာလဲ ငြိမ်းချမ်းခြင်းရရှိဖို့ စိတ်ပုတီးများများစိတ်ဖို့ မှာကြားခဲ့ပါတယ်။ ကျွန်ုပ်တို့အားလုံးလဲ ဘုရားသခင်အား မိမိတို့ဆက်ကပ်ထားတဲ့ဘဝကို ဆုံးခန်းတိုင်အသက်ထက်ဆုံး ဆက်ကပ်နိုင်ဖို့အတွက် နေ့စဉ်နေ့တိုင်း စိတ်ပုတီးမှန်မှန်စိတ်ဖို့ အထူးအားပေးချင်ပါတယ်။ မြွေနတ်ဆိုးရဲ့ ဦးခေါင်းကို နင်းခြေခဲ့တဲ့ မယ်တော်မာရီယားကို အားကိုးရင်း စိတ်ပုတီးစိတ်ခြင်းအားဖြင့် မယ်တော်ရဲ့ကူညီစောင်မမှုကို ရယူပြီး မိမိတို့ရဲ့ ခေါ်တော်မူခြင်းမှာ ဆုံးခန်းတိုင် လျှောက်လှမ်းနိုင်ဖို့ ကြိုးစားအား ထုတ်ကြပါစို့။

မယ်တော်သခင်မသည် မိုးကောင်းကင်ကနေ ကျွန်ုပ်တို့လူသားများအတွက် ကြားဝင်ဖြန်ဖြေဆုတောင်းပေးနေတုံးပဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့အားလုံးလဲ မယ်တော်ရဲ့ ပါရမီများကို အတုယူပြီး စိတ်ပုတီးစိတ်ခြင်း၌ ကြိုးစားအားထုတ်ခြင်းအားဖြင့် သူတော်စင်ရဟန်းဘဝကို ဆွတ်ခူး ပိုင်ဆိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။